ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ်၊ မဗဘ/နပတ(စာရင်း) (၂၁၆/၂၀၂၁)

ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်

သို့

ဘဏ်များအားလုံး

အကြောင်းအရာ။ **CBM-NET အသုံးပြုငွေလွှဲခနှုန်းထားသတ်မှတ်ခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များမှကောက်ခံလျက်ရှိသည့် ငွေလွှဲခနှုန်းထားများနှင့်စပ်လျဉ်း၍ ဘဏ်များနှင့်တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး ဘဏ်များထံမှ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီးဖြစ်ပါသည်။

၂။ ငွေသားသုံးစွဲမှုကိုလျှော့ချရန်၊ အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေပေးချေမှုကို ပိုမိုအားပေးရန် ရည်ရွယ်ပြီး CBM-NET System ကို ဖြတ်သန်းဆောင်ရွက်သည့် ငွေလွှဲ Transaction များအတွက် အောက်ပါနှုန်းထားများအတိုင်း ကောက်ခံရန်နှင့် Customer များမှ ငွေသားထုတ်ယူခြင်းအတွက် ဝန်ဆောင်ခကို လိုအပ်ပါက မိမိဘဏ်အစီအစဉ်ဖြင့် ဗဟိုဘဏ်သို့ ကြိုတင်တင်ပြပြီး သီးခြား သတ်မှတ်ကောက်ခံရန်ဖြစ်ကြောင်း အကြောင်းကြားပါသည်-

(က) ငွေလွှဲပမာဏ ကျပ်သိန်း (၃၀၀) အထိ အများဆုံး (၃၀၀၀) ကျပ်သာ ကောက်ခံရန်၊

(ခ) ငွေလွှဲပမာဏ ကျပ်သိန်း (၃၀၀) အထက်ကို အများဆုံး (၀.၀၁%) ဖြင့် ကောက်ခံရန်၊

(ဂ) အပိုဒ်ခွဲ (က)၊ (ခ)ပါ ငွေလွှဲဝန်ဆောင်ခကို ငွေလွှဲပေးပို့သည့်ဘဏ် (Sender Side) တစ်ဖက်တည်းမှသာ ကောက်ခံရန်၊

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်လိုသည့် ငွေပေးချေမှုဆိုင်ရာမူဝါဒ (Payment Policy) အရလည်းကောင်း၊ ဈေးကွက်အခြေအနေအရလည်းကောင်း နှုန်းထားသတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ထပ်မံပြင်ဆင်၍ အကြောင်းကြားသွားမည်ဖြစ်သည်။

(ပုံ)xxxxxxxxxxxxx

ဒုတိယဥက္ကဋ္ဌ (ကိုယ်စား)

(ခိုင်ရွှေဝါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ